# ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
# ကျောက်တန်းမြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

National Community Driven Development Project

(NCDDP)



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

Village Development Plan (VDP)

ခမယ်ကျေးရွာ၊ ဘော်ဂလွတ်ကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ--------------------------------------------------------------------------------------------------------၂

၂။ ဘော်ဂလွတ်ကျေးရွာအုပ်စုမြေပုံ -------------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ----------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -------------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် -----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၃

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ ------------------------------------------------၁၄

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၅ မှ ၁၆

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၇ မှ ၁၈

၁၀။ကျေးရွာကော်မတီစာရင်း ----------------------------------------------------------------------------------------------၁၉

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ -----------------------------------------------------------------၂၀ မှ ၂၂


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် -------------------------------------------------------------၂၃ မှ ၂၄

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ---------------------------------------၂၅ မှ ၂၆


၁၄။ အစည်းအဝေးမှတ်တမ်းများ ----------------------------------------------------------------------------၂၇ မှ ၃၀

၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ----------------------------------------------၃၁

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
သုံးခွသို့
ကျောက်တန်းမြို့
ရန်ကုန်မြစ်
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ဘော်ကလွတ်ကျေးရွာ အုပ်စုမြေပုံ



၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ခမယ်ကျေးရွာ

၂။ဘော်ဂလွတ်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

**၁။ ကျေးရွာသမိုင်းအကျဉ်း**

ရန်ကုန်တိုင်းဒေသကြီးတောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ခမယ်ကျေးရွာသည် ဘော်ဂလွတ်ကျေးရွာအုပ်စု၏ ကျေးရွာခွဲတစ်ရွာဖြစ်ပါသည်။ ကျောက်တန်းမြို့နယ်၏တောင်ဘက် (၄)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ အရှေ့မြောက်တွင် ပန်းတောကျေးရွာ၊ အနောက်ဘက်တွင်ဘော်ဂလွတ်ကျေးရွာ၊ တောင်ဘက်တွင်ခလောက်ဆွဲကျေးရွာတို့၏ အလယ်တွင်တည်ရှိပါသည်။ ရှေးယခင်က ကိုးထောင်ပြည့်စေတီကို တည်ထားကိုးကွယ်ထားသည်။ ခမယ်ရွာတွင် မြို့ချောင်းတစ်ချောင်းရှိခဲ့ပြီး ချောင်းဘေးတွင် ကိုးထောင်ပြည့်စေတီ တည်ထားကိုးကွယ်ရာမှ ပင်လည်မှလာသောချောင်းနှင့် မော်ဝန်းချောင်းတို့ဆက်စပ်လျှက်ရှိရာ သဘော်၊ လှေ၊ သမ္ဗာန်များ ဤရွာသို့ဦးခိုက်ပြီး ဝင်ရောက်နားခိုရာမှ ခမယ်ဟု ခေါ်တွင်ရာမှ နှစ်ကာကရွေ့လျားလာသည့်အခါ ခမယ်ရွာဟု ခေါ်တွင်လာခဲ့ပါသည်။ ယခင်ရွာ စတည်ခါစတွင်ကုန်သည်များမှ စတင်တည်ထောင်ခဲ့သည့်အတွက် အိမ်ခြေ အနည်းငယ်သာ ရှိခဲ့ပါသည်။ ထို့နောက်တဖြည်းဖြည်း အိမ်ခြေများလာပြီး ၃၀၀ကျော်လောက်ထိရောက်လာခဲ့ပါသည်။ ထို့နောက်တော်လှန်ရေးကောင်စီခေတ်ရောက်သည့်အခါ လုပ်ငန်းကိုင်ငန်းများရှားပါးသောကြောင့် ရွာမှထွက်ခွါသွားကြပြီး မြို့နယ်များနှင့် တခြားကျေးရွာယခင်က ဘုန်းတော်ကြီးကျောင်းမှာ အရှေ့ကျောင်း၊ အနောက်ကျောင်း ဟူ၍ နှစ်ကျောင်းရှိပါသည်။ ခမယ်ကျေးရွာသည်ဧရိယာအားဖြင့် ဧက(၆၀၀)ခန့်ကျယ်ဝန်းပါသည်။

ခမယ်ကျေးရွာကို လွန်ခဲ့သောနှစ်တစ်ရာခန့်က တည်ထားခြင်းဖြစ်သည်။ ကျေးရွာ၏ အုပ်ချုပ်ရေးပိုင်းတာဝန်များကို ရွာမဖြစ်သော ဘော်ဂလွတ်ကျေးရွာ၏ စီမံဆောင်ရွက်မှုဖြင့် အုပ်ချုပ်ပါသည်။ ၂၀၁၁-ခုနှစ်မှစ၍ ယခုအချိန်ထိ ဦးလှမြင့်မှ အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်နေပါသည်။ ယခုအချိန်တွင် ခမယ်ကျေးရွာသည် ရွာထဲတွင် အိမ်ခြေ(၅၀)ခန့်ရှိပြီး ကွင်းထဲတွင်တဲအိမ်(၇၈)ခန့် ရှိပါသည်။ အိမ်ထောင်စု(၁၃၄)၊ လူဦးရေ(၅၅၀) ရှိပါသည်။ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ပြီး အများစုမှာ လယ်သမားများ ဖြစ်ကြပါသည်။ ကြက်၊ ဘဲ၊ ဝက်၊ ကျွဲ၊ နွား စသည်တို့အား တနိုင်တပိုင် မွေးမြူကြပါသည်။ ခမယ်ကျေးရွာတွင် ဆုတောင်းပြည့်စေတီ (၁)ဆူ၊ ဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ စာသင်ကျောင်း၊ သောက်သုံးရေကန်(၁)ကန်၊စက်ရေတွင်း(၁)တွင်း ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ ပန်းတော၊ မီးပြကားလမ်းအား အင်ဂူကွင်းမှ ခမယ်ကျေးရွာသို့ဆက်သွယ်ထားသော ပေရှည်(၉၅၀၀)ပေရှိ မြေသားတာဆက်လမ်းရှိပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၁၅ | ၂၀ | ၁၅ | ၁၅ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀ | ၅ | ၅ | ၁၀ |
| မြေယာမဲ့ | ၂၈ | ၂၅ | ၂၈ | ၅၃ |
| မသန်စွမ်း | ၀ | ၀ | ၀ | ၀ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | - | နိုင်ငံခြားသွား |
| ပဲ | ဝက် | | |
| | ဘဲ | | |
| | ဆိတ် | | |
| | နွား | | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၅၈၀ | ၂၀ | - | - | ၂ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၁၀ | ၁၃ | ၂ | - | ၃ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁ | - | - | ၇ | ၄၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၈ | ၁၃၀ | ၁၀ | ၁၅၀ | ၁၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၉-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၁၂ | ၁၅ | ၂၇ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၅ | ၇ | ၁၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာကြွယ်ဝမှုအဆင့် သတ်မှတ်ချက် | ၆-၁၁-၂၀၁၉ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၂ | ၁၅ | ၂၇ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၆-၁၁-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၅ | ၇ | ၁၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသတ်ချက် | ၆-၁၁-၂၀၁၉ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၈ | ၅ | ၁၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၆-၁၁-၂၀၁၉ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ ဝန်ထမ်း | ၂၈ | ၂၈ | ၅၆ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။





သုံးသပ်ချက်

ခမယ်ကျေးရွာတွင် အိမ်ခြေ (၁၂၈)ရှိပါသည်။ မူလတန်းကျောင်းတစ်ကျောင်းရှိပါသည်။ ရွာ၏ အရှေ့မြောက်ဘက်ထောင့်တွင် ဘုန်းတော်ကြီးကျောင်းရှိပါသည်။ ကျေးရွာတွင် အများပိုင် သောက်သုံးရေကန်(၁)ကန် ရှိပါသည်။ ကျေးရွာ၏ အနောက်မြောက်ဘက်တွင် ဟိန္ဒူဘုရားကျောင်း တစ်ကျောင်း ရှိပါသည်။ ကျေးရွာ၏ အနောက်မြောက်ဘက်ထောင့်တွင် ဆက်သွယ်ရေးလမ်းမကြီး နှင့် တံတားတစ်စင်း ရှိပါသည်။ ကျေးရွာတွင်းလမ်းများနှင့် ဆက်သွယ်ရေး လမ်းမကြီးသည် မြေသားလမ်းများဖြစ်ကြသည်။ မြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင် သွားလာရာ အလွန်ခက်ခဲပါသည်။ အထူးသဖြင့် ကျောင်းသူ/သားများ နှင့်သက်ကြီးရွယ်အိုများ တွင်လွန်စွာခက်ခဲပါသည်။ ကျေးရွာတွင်းလမ်း (၅)လမ်းရှိပါသည်။ ၎င်းတို့မှာ မြခွါညိုု၊ ခရေလမ်း၊ စံပယ်လမ်း ၊ ရွာလယ်လမ်း၊ ဘုန်းကြီးကျောင်းလမ်းတို့ဖြစ်ကြပါသည်။ မြခွါညိုလမ်းတွင် ကွန်ကရစ်လမ်း တဝက်ခန့်ရှိပါသည်။ ရွာတောင်ဘက် စွန်းတွင် ဖုန်းတာဝါတိုင်ရှိပါသည်။ ကျေးရွာမြောက်ဘက် စံပယ်လမ်းမဘေးတွင် စက်ရေတွင်း (၁) တွင်းရှိပါသည်။ ရွာအလယ်တွင် လယ်ယာမြေရေနုတ်မြောင်းနှင့် တံတားတစ်ခုရှိပါသည်။ ကျေးရွာ၏ အနောက်တောင်ဘက်တွင် သုသာန်ရှိပြီး သုသာန်ဇရပ်တစ်ဆောင် ရှိပါသည်။ ကျေးရွာ၏ ဘေးပတ်ပတ်လည်တွင် လယ်ယာမြေများနှင့် ကျေးရွာတစ်ခုလုံးကို ဝန်းရံထားသော ချောင်းများ ရှိပါသည်။ ရွာသူရွာသားများသည် လယ်ယာလုပ်ငန်း

စပါးစိုက်ခြင်းနှင့် ပဲတီစိမ်းစိုက်ပျိုးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ရွာ၏ လူအများစုမှာ နွမ်းပါးသူများဖြစ်ကြပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်


[illegible] ကျေးရွာအုပ်စု [illegible]
ခမယ်ကျေးရွာ
ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

| [illegible] | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း % |
|---|---|---|---|
| သင့်အတင့် | အိမ်၊ မွေးမြူရေး၊ ဆိုင်ကယ် TV၊ လယ် | ၂၀ | ၁၅.၆% |
| နွမ်းပါး | အိမ်၊ [illegible]၊ မွေးမြူရေး။ | ၁၅ | ၁၁.၇% |
| အလွန်နွမ်းပါး | အိမ်ငှား၊ မွေးမြူရေး၊ နေ့စားလုပ်သား | ၉၃ | ၇၂.၇% |
| | စုစုပေါင်း | ၁၂၈ | |

**သုံးသပ်ချက်**

ခမယ်ကျေးရွာသူ/သားများသည် ဥစ္စာဓနကြွယ်ဝမှုတွင် အဆင့် (၃) ဆင့် သတ်မှတ်ထားကြပါသည်။ ၎င်းတို့မှာ အသင့်အတင့်၊ နွမ်းပါးနှင့် အလွန်နွမ်းပါး တို့ဖြစ်ကြပါသည်။

ခမယ်ကျေးရွာရှိ သင့်တင့်သောအိမ်ထောင်စုများမှာ ပျဉ်ထောင်သွပ်မိုးအိမ်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ဆိုင်ကယ်၊ TV၊ လယ်ယာမြေအနည်းငယ်ပိုင်ဆိုင်ကြသော အိမ်ထောင်စုများဖြစ်ကြပါသည်။ စုစုပေါင်း အိမ်ထောင်စု ( ၂၀)ရှိပြီး ရာခိုင်နှုန်းမှာ ( ၁၅.၆% ) ရှိပါသည်။


နွမ်းပါးသောအိမ်ထောင်စုများအတွက် စံသတ်မှတ်ချက်များမှာ ဓနိမိုးဝါးထရံကာအိမ်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်သောကြသော အိမ်ထောင်စုများဖြစ်ကြပါသည်။ စုစုပေါင်းအိမ်ထောင်စု ( ၁၅ ) အိမ်ထောင်စုဖြစ်ပြီး ရာခိုင်နှုန်းမှာ ( ၁၁.၇% ) ရှိပါသည်။


အလွန်နွမ်းပါးသော အိမ်ထောင်စုများမှာ အိုအိမ်ကိုယ်ပိုင်မရှိဘဲ အိမ်ငှားနေထိုင်ကြသော အိမ်ထောင်စုများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ပြီး နေစားလုပ်သားအဖြစ် အသက်မွေးဝမ်းကြောင်းသည့်

အိမ်ထောင်စုများဖြစ်ကြပါသည်။ စုစုပေါင်းအိမ်ထောင်စုမှာ ( ၉၃ )အိမ်ထောင်စုရှိပြီး ရာခိုင်နှုန်းမှာ ( ၇၂.၇%) ရှိပါသည်။

ခမယ်ကျေးရွာသည် အလွန်ဆင်းရဲနွမ်းပါးပြီး ဖွံ့ဖြိုးရန်လိုအပ်သော ကျေးရွာကလေးတစ်ရွာဖြစ်ကြောင်း သုံးသပ်လေ့လာတွေ့ရှိရပါသည်။

## ၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း ။





**သုံးသပ်ချက်**

**ထိန်းချုပ်မှု**

အမျိုးသားများသည် လယ်ယာမြေ၊ စက်လှေ၊ လယ်ထွန်စက်၊ ဆိုင်ကယ်၊ တန်းဆောင်၊ သိမ်ကျောင်း၊ တာဝါတိုင်၊ စေတီများကို ထိန်းချုပ်ပြီး အမျိုးသမီးများသည် ဈေးဆိုင်၊ အပ်ချုပ်စက် နှင့်စက်ရေတွင်းတို့ကို ထိန်းချုပ်ပါသည်။


**သုံးစွဲမှု**

အမျိုးသားများအများဆုံးအသုံးပြုသော ပစ္စည်းများမှာ လယ်ထွန်စက်၊ စက်လှေ၊ လယ်ယာမြေ၊ ဆိုင်ကယ်၊ တန်းဆောင်၊ သိမ်ကျောင်း၊ တာဝါတိုင်၊ စေတီ တို့ဖြစ်ပြီး အမျိုးသမီးများ သည် ဈေးဆိုင်၊ အပ်ချုပ်စက်နှင့်

စက်ရေတွင်းတို့ကို အသုံးပြုပါသည်။ အတူတကွ သုံးစွဲသော အရင်းအမြစ်များမှာ ဖုန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေကန်၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းတို့ကို ဖြစ်ပါသည်။

အရင်းအမြစ်ထိန်းချုပ်မှုအပိုင်းတွင် အမျိုးသမီးများအလွန်အားနည်းနေသည်ကို တွေ့ရှိရပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စနှင့် မိရိုးဖလာအစဉ်အလာအရ ဦးဆောင်မှုမရှိခြင်းဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများလုပ်ဆောင်နိုင်သည့် လုပ်ငန်းများအကြောင်းအရာများကို လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားလာမည်ဖြစ်သည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** - စပါးကို နယုန်လမှ ဝါခေါင်လအထိ စိုက်ပျိုး၍ သီတင်းကျွတ်လမှ တပို့တွဲအထိ ရိတ်သိမ်းကြပါသည်။ ပဲတီစိမ်းကို တန်ဆောင်မုန်းလမှ ပြာသိုလအထိ စိုက်ပျိုးကြပါသည်။ တပို့တွဲလတွင် ခူးဆွတ်သည်။

**ရာသီဥတု** - ခမယ်ကျေးရွာတွင် နွေရာသီ ( ၃ )လ၊ မိုးရာသီ ( ၆ )လနှင့် ဆောင်ရာသီ ( ၃ )ရှိပါသည်။

**မွေးမြူရေး** - မွေးမြူရေးတွင် ကြက်၊ဘဲ၊ ဝက်၊ ငန်း၊ ဆိတ်၊ ကျွဲ၊ နွား တို့ကို နှစ်ပတ်လည်မွေးမြူကြသည်။

**ရေလုပ်ငန်း** - ရေလုပ်ငန်းတွင် ကျားပိုက်(ပုဇွန်၊ငါးစုံ) ၊ စိန်ပိုက်(ငါး၊ ငါးဇင်ရိုင်း) များကို နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလ၊ မိုးရာသီလများတွင် လုပ်ကိုင်လျက်ပါသည်။

**ပွဲတော်များ** -သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်၊ တန်းဆောင်မုန်းလတွင် ကထိန်ပွဲတော်၊ တပို့တွဲလတွင် ဘုရားပွဲ၊ တန်းခူးလတွင် သင်္ကြန်ပွဲတော်နှင့် ကဆုန်လတွင် ညောင်ရေသွန်းပွဲတော်တို့ကို ကျင်းပပြုလုပ်ပါသည်။


**ကျန်းမာရေး** - သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် နာစေးခြင်း၊ ချောင်းဆိုးခြင်းများ အဖြစ်များပြီး ရာသီဥတုအပြောင်းအလဲတွင် အနည်းငယ် ဖျားနာတတ်ကြပါသည်။

**သောက်သုံးရေရှိမှု** - သောက်သုံးရေရရှိမှုအခြေအနေတွင် တပေါင်းလ၊တန်းခူးလများတွင် သောက်သုံးရေရှားပါး ပြီးကျန်ကာလများတွင် သောက်သုံးရေလုံလောက်စွာရရှိပါသည်။

**အားလပ်ချိန်** - တန်ခူးလ၊ ကဆုန်၊ပြာသိုလ်၊ တပို့တွဲလ နှင့် တပေါင်းလများတွင် အလုပ်အကိုင်ရှားပါးသော လများဖြစ်သည့်အတွက် အားလပ်ချိန်များဖြစ်ပါသည်။ ကျန်လများတွင် စပါးစိုက်ပျိုးပြီး သီးထပ်သီးနှံအဖြစ် ပဲတီစိမ်းစိုက်ပျိုးကြသည့်အတွက် အားလပ်ချိန်မရှိပါ။

ရာသီခွင်ပြ ပြက္ခဒိန်ကိုကြည့်ခြင်းအားဖြင့် လအလိုက်၊ ရာသီအလိုက် ၊ လုပ်ငန်းဆောင်တာများကို သိရှိစေရန် နှင့် အလုပ်အားသော ကာလများတွင် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက် နိုင်ပါသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်



**သုံးသပ်ချက်**

**ဆုံးဖြတ်ပိုင်ခွင့်** - ကျေးရွာဖွံ့ဖြိုးရေးနှင့် လူမှုရေးလုပ်ငန်းများအတွက် ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါ အမျိုးသားများဦးဆောင်ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးများသည် ရိုးရာဓလေ့အရ အမျိုးသားများက ဦးဆောင်လုပ်ကိုင်ခြင်း၊ အမျိုးသမီးများအတွက် အခွင့်အရေးမပေးခြင်းတို့ကြောင့် ဆုံးဖြတ်ချက်များ ချမှတ်သည့်နေရာတွင် အမျိုးသားများထက် အားနည်းကြောင့် တွေ့ရှိရပါသည်။

**အဖွဲ့အစည်းတွင်ပါဝင်ခွင့်**- အမျိုးသမီးများသည် အိမ်မှုကိစ္စများအတွက် အချိန်များစွာပေးရခြင်းကြောင့် ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများတွင် ပါဝင်ခွင့်နည်းပါးပါသည်။ အမျိုးသားများသည် ဦးဆောင်သူများဖြစ်သည်နှင့် အညီ အဖွဲ့အစည်းများတွင် လည်း အမျိုးသမီးများထက်ပါဝင်မှု အားကောင်းသည်ကိုတွေ့ရှိရပါသည်။

**ပညာရေး** - မိရိုးဖလာအစဉ်အလာအရ ယခင်ကအမျိုးသမီးများအတွက် ပညာသင်ကြားခွင့် အခွင့်အရေးနည်းပါးသော်လည်း ယခုအချိန်တွင် အမျိုးသားနှင့် အမျိုးသမီး ပညာသင်ကြားခွင့် အခွင့်အရေးမှာ ကွာဟချက်အနည်းငယ်သာရှိကြောင်း လေ့လာသိရှိရပါသည်။

**အိမ်မှုကိစ္စ** - အမျိုးသမီးများသည် အမျိုးသားများထက် အိမ်မှုကိစ္စတွင် ဆောင်ရွက်မှု အားကောင်းနေသည်ကို တွေ့ရှိရပါသည်။ အကြောင်းအရင်းမှာ အမျိုးသမီးများသည် ဝင်ငွေမရှာနိုင်ခြင်း၊ မှီခိုနေခြင်း၊ အသက်မွေးဝမ်းကြောင်း နည်းပညာအားနည်းခြင်းနှင့် မိရိုးဖလာ အစဉ်အလာကြောင့် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ရပါသည်။

**လူမှုရေးအဖွဲ့အစည်းပါဝင်ခွင့်** - အမျိုးသားများက အမျိုးသမီးများထက် အနည်းငယ်အားသာသည့်ကိုတွေ့ရှိရပါသည်။ အမျိုးသမီးများသည် ဦးဆောင်နိုင်မှုအားနည်းခြင်းနှင့် အချိန်မပေးနိုင်ခြင်းကြောင့် လူမှုရေးအဖွဲ့အစည်းများတွင် အနည်ငယ်အားနည်းခြင်းဖြစ်ပါသည်။

**ဝင်ငွေရရှိမှု** -ဝင်ငွေရရှိမှုတွင် ယခင်က အမျိုးသမီးများကို ခန္ဓာကိုယ်ကြံခိုင်မှု အားနည်းခြင်းကြောင့် အမျိုးသားများနှင့်တန်းတူ လုပ်အားခ မရခဲ့ပါ။ လူထုဗဟိုပြုစီမံကိန်းမှ ကျားမရေးရာ သင်တန်းများကြောင့် ယခုအချိန်တွင် ကျားမ တန်းတူလုပ်အားခများ ရရှိနေပြီးဖြစ်ပါသည်။

**အရင်းအမြစ်အသုံးပြုမှု**- အမျိုးသမီးများသည် လုပ်ငန်းများ လုပ်ဆောင်ရာတွင် အချိန်ကြံကြာမှုမရှိခြင်း အားအင်နွဲ့ခြင်းတို့ကြောင့် စွမ်းဆောင်ရည်နွဲ့ခြင်းတို့ကြောင့် အမျိုးသားများက သာလွန်နေရခြင်း ဖြစ်ပါသည်။

**ဘဝလုံခြုံမှု** -အမျိုးသားများသည် အမျိုးသမီးများထက်အနည်းငယ်သာလွန်ကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ပင့်ကူအိမ်သုံးသပ်ချက်တွင် အမျိုးသမီးများသည် ဆုံးဖြတ်ပိုင်ခွင့် နှင့် ဝင်ငွေရရှိမည်ဖြစ်သော လုပ်ငန်းများအား အချိန်ပေး၍ လုပ်ကိုင်မည်ဆိုပါက အမျိုးသမီးများများ၏ စွမ်းဆောင်ရည်မြင့်မား လာပေမည်။ အမျိုးသမီးများ၏ အခွင့်ရေးပိုမိုများပြားလာပေမည်။

**၆။ ဗင်းပုံစံ သုံးသပ်ချက်**



**သုံးသပ်ချက်**

ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ဂေါပကအဖွဲ့၊ရပ်မိရပ်ဖ အဖွဲ့တို့သည် ကျေးရွာ၏ လူမှုရေး၊ဘာသာရေး လုပ်ငန်းများကို တာဝန်ယူဆောက်ရွက်ကြပါသည်။ လူငယ်အဖွဲ့နှင့် ပရဟိတ အဖွဲ့တို့သည် သာရေးနာရေး များကိုဆောင်ရွက်ကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုရှိပြီး အုပ်ချုပ်ရေးပိုင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကတာဝန်ယူဆောင်ရွက်သည်။ ကျေးလက်ကျန်းမာရေးအဖွဲ့သည် မြို့နယ်ကျန်းမာရေး အဖွဲ့နှင့် ချိတ်ဆက်မှုရှိပြီး ကျေးရွာကျန်းမာရေးကို လုပ်ဆောင်နေပါသည်။ မြစိမ်းရောင်အဖွဲ့သည် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးငွေများကို ထုတ်ချေးလျှက်ရှိပါသည်။ မိခင်နှင့်ကလေး စောင့်ရှောက်ရေးသည် အမျိုးသမီးများနှင့် ကလေးများကျန်းမာရေးကို တာဝန်ယူဆောင်ရွက်နေပါသည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

စီမံကိန်းတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရန် အတွက် ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသား၊ အမျိုးသမီး အချိုးညီစွာ တက်ရောက်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ပြောကြားခဲ့ပါသည်။ ပထမအကြိမ် ကျေးရွာမိတ်ဆက်အစည်းအဝေးကျင်းပသည့်အချိန်တွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါကအမျိုးသမီးများကိုလည်း တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား၊အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ဦးဆောင်ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်းကိုသေချာစွာ ပြောကြားခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၈.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လာသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု၊ဆင်းရဲ/နွမ်းပါး၊ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ**



**လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ**



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓာတ်ပုံ

၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးစိန်လှ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်သင်းသင်းဦး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးစံရွှေ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်သင်းသင်းမူ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးချစ်ဆွေ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်သန္တာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးအေးသောင်း | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်အေးနန္ဒာ | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးကျော်အောင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်နိုင်နိုင်အောင် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးကျော်ဇင်ဖြိုး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်စန်း | မ | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်တင်တင်ခိုင် | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၃) ယောက် ကျား-၆ ယောက် +မ- ၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဒေါ်သင်းသင်းဦး ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဦးစိန်လှ ဘဏ္ဍာရေးဆပ်ကော်မတီ
၃။ဦးငွေးနိုင် အုပ်စုအဖွဲ့ဝင်

**မှတ်တမ်းတင်သူ**

အမည်။ဒေါ်ခင်မိုးဝါ

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၈.၁၁.၂၀၁၇

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး[illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် ၀၉-7916451870 | လူထုစည်းရုံးရေးမှူး၏ အမည် ဦး[illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

ကျ။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၁၉ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၁၁၉ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၁၅ | ဘာသာ (၂) ---ပအိုဝ်း--- | ၁၅ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၆၂ | ၂၀၅ |
| လူမျိုးစု (၁)---ဗမာ--- | ၂၄၂ | ၂၀၀ |
| လူမျိုးစု (၂)---ပအိုဝ်း--- | ၂၀ | ၀၅ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၂၅ | ၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၃----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ---- ထော်လာဂျီ/**မော်တော်ဆိုင်ကယ်**/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ------- ၁ နာရီ ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/**ခြေလျင်**/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------- နာဂစ် ------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုပေါ်ပြူစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ----- မြေရိပ်ကျောင်း ------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးလှမြင့်

လက်မှတ် (signature) နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦးဇင်ကိုအောင်

လက်မှတ် (signature) နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်ဝိုးဝါ |
| နေ့စွဲ - 8-11-2012 ; စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကချင် ; မြို့နယ် ကျောက်မဲ ; ကျေးရွာအုပ်စု ကော်ကပူ ; ကျေးရွာ ခမယ် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးကာလတွင်းသွားလာရန် ခက်ခဲ | ၁ | စိုက်ပျိုးရေး နည်းပညာ ခက်ခဲ |
| ၂ | လျှပ်စစ်မီး ခက်ခဲခြင်း | ၂ | မိုးကာလတွင်းသွားလာရန် ခက်ခဲခြင်း |
| ၃ | ဆေးပေးခန်း ခက်ခဲခြင်း | ၃ | သောက်သုံးရေ ခက်ခဲခြင်း |
| ၄ | ပညာရေး ခက်ခဲခြင်း | ၄ | ကျန်းမာရေး ~~ခက်~~ ဆေးပေးခန်း ခက်ခဲခြင်း |
| ၅ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း | ၅ | ပညာရေး ခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး | ၁ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် |
| ၂ | ကျန်းမာရေး စောင့်ရှောက်မှု ရရန် | ၂ | ဆေးပေးခန်း ရရှိရန် |
| ၃ | ယင်လုံအိမ်သာ ရရှိရန် | ၃ | ယင်လုံအိမ်သာ ရရှိရန် |
| ၄ | သောက်သုံးရေ ရရှိရန် | ၄ | မူကြိုကျောင်းဖွင့်ရန်၊ ပညာရေး ... |
| ၅ | ပညာရေး ကောင်းမွန်စေရန် | ၅ | သောက်သုံးရေ ရရှိရန် |

**ဂ။** လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ | က+မ | 260 00000 | ၄၈၉ |
| ၂ | ကျေးရွာခန်းမဆောင် | က+မ | 25000000 | |
| ၃ | ဆေးပေးခန်း | က+မ | 25000000 | |
| ၄ | ဆိုလာ လမ်းမီး | က+မ | 5000000 | |
| ၅ | ဓာတ်ရေတွင်း | က+မ | 8000000 | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | အားကစားကွင်းများ | ကျား+မ | |
| ၂။ | လယ်ယာမြေရေနုတ်မြောင်း | ကျား+မ | |
| ၃။ | ကလေးစားကျွေးမွေးလုပ်ငန်း | ကျား+မ | |
| ၄။ | စိုက်ပျိုးရေးနည်းပညာ | ကျား | |
| ၅ | စက်ချုပ်သင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။


အမည် ဒေါ်သင်းသင်းဦး လက်မှတ် [illegible] နေ့စွဲ 8.11.2017

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားရွာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။ [illegible]

| | အစဉ် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | မြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | အသေးစား ငွေချေး လုပ်ငန်း | ☑ မ ☑ ကျား | | |
| | ၃ | စိုက်ပျိုးရေးနည်း ပညာ | ☐ မ ☑ ကျား | | |
| | ၄ | စက်ပြုပြင်သင်တန်း | ☑ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| [illegible] | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |



၁၁။ အစည်းဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ခမယ်ကျေးရွာ ဘုန်းကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ ၇.၁၁.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၁:၃၀ |
| ကျေးရွာအုပ်စုအမည် | ။ ဘော်ဂလွတ် |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ ။ (၂၈)ကျား+(၂၈)မ (၅၆)ပေါင်း

အကြောင်းအရာ ။ ဘော်ဂလွတ်ကျေးရွာ အုပ်စု ခမယ်ကျေးရွာ ဥတ္တမ နှစ်စက်ဝန်း ပထမအကြိမ်

စီမံကိန်းမိတ်ဆက် အစည်းအဝေးတွင် ခမယ်ကျေးရွာအုပ်ချုပ်ရေးမှူးမှ စီမံကိန်းနှင့်ပတ်သတ်သော အကျိုးကျေးဇူးများကို ရှင်းပြပြီး စီမံကိန်းအောင်မြင်ရန်အတွက် ကျေးရွာလူထုအားလုံးပေါင်း ပါဝင်ဆောင်ရွက်မှုများ လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးမှ လူထုဗဟိုပြုစီမံကိန်း၏ ရည်ရွယ်ချက်မှာ နွမ်းပါးသော လူထုကို ဗဟိုပြု၍ ကျေးရွာ၏ အမှန်တကယ် လိုအပ်သော အခြေခံအဆောက်အဦးများပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ပေးသော စီမံကိန်းဖြစ်ကြောင်းနှင့် သဘာဝဘေး အန္တရာယ်နှင့်တွေ့ကြုံလာပါက သက်ဆိုင်ရာ

တာဝန်ရှိသူများထံသို့ လျင်မြန်စွာ အကူအညီတောင်းခံနိုင်ရန် ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့နောက်စီမံကိန်း မိတ်ဆက်(၁၅၁)ချက်ကို ဆက်လက်ရှင်းပြပြီး မိမိတို့ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထုများ၊ ပူးပေါင်းပါဝင်မှုသာ ရန်ပုံငွေသည် ကျေးရွာအတွင်း၌ အိမ်ထောင်စု(၅၀)%ထက်မှသာ ရရှိသည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့ပြင် လက်တွေ့ဆောင်ရွက်နည်း ပညာပေးမှုများမှလည်း စီမံကိန်းတွင်ပါဝင်သော အပိုင်း(၆)ပိုင်း၊ အဆင့်(၁၄)ဆင့်ဖြင့် လုပ်ဆောင်ရကြောင်း ရှင်းပြခဲ့ပါသည်။

ဒုတိယသုံးနှစ်စက်ဝန်းအတွက် ကျေးရွာလူမှုဆန်းစစ်ခြင်းပြုလုပ်ရန်အတွက် လူထုစည်းရုံးရေးမှူးမှ အခြေအနေပြမြေပုံ၊ ရာသီခွင်ပြပြက္ခဒိန်၊ ဗင်းပုံစံ၊ ပင့်ကူအိမ်ဆန်းစစ်ခြင်း၊ ပိုင်ဆိုင်မှုသုံးသပ်ခြင်းနှင့်ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြပြီး အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့ခွဲ၍ လူမှုဆန်းစစ်ချက်များပြုလုပ်ပြီးသောအခါ ပြန်လည်အနှစ်ချုပ်ပေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ဒုတိယအကြိမ်စီမံကိန်းမိတ်ဆက်အစည်းအဝေးကို(၈.၁၁.၁၉)တွင်ပြုလုပ်ရန်သဘောတူဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ခင်မိုးဝါ

လူထုစည်းရုံးရေးမှူး

လူထုပဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ခမယ်ကျေးရွာ ဘုန်းကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ 8.11.2017 |
| ပြုလုပ်သည့်အချိန် | ။ 10:00 နာရီ |
| ကျေးရွာအုပ်စုအမည် | ။ ဘော်ဂလွတ် |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ ။ ။ ကျား (၂၃) + မ (၃၁) ပေါင်း (၅၄)

အကြောင်းအရာ ။ ။ ဘော်ဂလွတ်အုပ်စု ခမယ်ကျေးရွာ ဒုတိယ နှစ်စက်ဝန်း ဒုတိယ အကြိမ် စီမံကိန်း ပိတ်

ဆက်အစည်းအဝေးပြုလုပ်ခြင်း ။

ဆွေးနွေးချက် ။ ။ ခမယ်ကျေးရွာ၏ ဒုတိယ အကြိမ် စီမံကိန်းပိတ်ဆက် အစည်းအဝေးတွင်

လူထုစည်းရုံးရေးမှူးမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲများအကောင်အထည်ဖော်ရန်အတွက် ယခုနှစ်ကလုပ်ဆောင်ခဲ့သောလုပ်ငန်းခွဲများအကြောင်းရှင်းပြပြီး ဒုတိယနှစ်စက်ဝန်းတွင်လည်း လုပ်ငန်းခွဲသစ်များ ပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့်ပြန်လည်ရွေးချယ်နိုင်ကြောင်းကို ရှင်းပြခဲ့ပါသည်။ မဲစနစ်ဖြင့် ရွေးချယ်၍ မဲအများဆုံးရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်၍ရမှသာ လုပ်ဆောင်နိုင်ကြောင်း ရှင်းပြခဲ့ပါသည်။

ကျေးရွာလူထုက ပြန်လည်ပြင်ဆင်ရန်မလိုအပ်သော

သောကြောင့် ယခုနှစ်တွင် ဦးစားပေးလိုက် ရွေးချယ်ခဲ့သော ရွာတွင်း လမ်းပြုပြင်ခြင်းကိုသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် လူထုစည်းဝေးမှ ကော်မတီများ၏တာဝန်နှင့် ဝတ္တရားများကို ရှင်းပြပြီး ပထမစက်ဝန်းတွင် လုပ်ဆောင်ခဲ့သော ကော်မတီများသည် ဒုတိယစက်ဝန်းတွင်ဆက်လက်၍ တာဝန်ထမ်းဆောင်လိုပါသလားဟု တစ်ဦးခြင်းမေးမြန်းသောအခါ အုပ်စုစီ/ထောက် ဦးတင့်ဝေလွင်က ကော်မတီအဖွဲ့မှ နုတ်ထွက်ခဲ့ပါသည်။ အစည်းအဝေးတက်ရောက်သော ကျေးရွာလူထုများမှ အုပ်စုစီ/ထောက် ဦးတင့်ဝေလွင်၏နေရာတွင် ဦးစိန်လှကို အဆိုတင်သွင်းပြီး မဲစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုအားလုံးကလည်း သဘောတူညီကြောင်း ပြောဆိုဆွေးနွေးခဲ့ပါသည်။

ထို့နောက် စည်းဝေးမှ လုပ်ငန်းစဉ်များကို ပြန်လည် အတည်ပြု၍ ဆွေးနွေးချက်ကို အနှစ်ချုပ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ယခုဦးစားပေးအလိုက် ရွေးချယ်ခဲ့သော လုပ်ငန်းစဉ်များကို ကော်မတီများကဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောတူဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မိုးဝါ
CF

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ -၈.၁၁.၂၀၁၇ ကျေးရွာ - ခယ်ကျေးရွာ VDP ရက်စွဲ - ၈.၁၁.၂၀၁၇
မြို့နယ်-ကျောက်တန်း ကျေးရွာအုပ်စု- ဘော်ဂလွတ်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।